# ဓမ္မာနုပဿနာ
# နီဝရဏပဗ္ဗ

## ကာမစ္ဆန္ဒ နီဝရဏကို ပယ်နိုင်သည့် နည်းလမ်း(၆)မျိုး

၁။ အသုဘနိမိတ်ကို သင်ယူခြင်း

၂။ အသုဘ ဘာဝနာကို အားထုတ်ခြင်း

၃။ဣန္ဒြေတို့၌ လုံခြုံစွာ စောင့်ထိန်းခြင်း

၄။ အစားအသောက်တို့၌ အတိုင်းအရှည်သိခြင်း

၅။ မိတ်ဆွေကောင်းရှိခြင်း

၆။ အသုဘ ဘာဝနာနှင့်သင့်လျော်သော စကားကို ကြားရခြင်း

မှတ်ချက်။ ။ဤနီဝရဏကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်သည်

## ဗျာပါဒ နီဝရဏကို ပယ်နိုင်သည့် နည်းလမ်း(၆)မျိုး

၁။ မေတ္တာနိမိတ်ကို သင်ယူခြင်း

၂။ မေတ္တာ ဘာဝနာကို အားထုတ်ခြင်း

၃။ ကံသာလျှင် ကိုယ်ပိုင်ဥစ္စာဟူ၍ ဆင်ခြင်ခြင်း

၄။ ပဋိသင်္ခါဉာဏ်ကို အကြိမ်များစွာ အားထုတ်ခြင်း

၅။ မိတ်ဆွေကောင်းရှိခြင်း

၆။ မေတ္တာ ဘာဝနာနှင့်သင့်လျော်သော စကားကို ကြားရခြင်း

မှတ်ချက်။ ။ဤနီဝရဏကို အနာဂါမိမဂ်ဖြင့် အကြွင်းမဲ့ပယ်သည်

## ထိနမိဒ္ဓ နီဝရဏကို ပယ်နိုင်သည့် နည်းလမ်း(၆)မျိုး

၁။ အစားအသောက်ကို သင့်လျော်စွာ စားခြင်း

၂။ ဣရိယာပုတ်ကို ပြောင်းခြင်း

၃။ အရောင်အလင်းကို နှလုံးသွင်းခြင်း

၄။ လွင်တီးခေါင်၌ နေခြင်း

၅။ မိတ်ဆွေကောင်းရှိခြင်း

၆။ ဓုတင် စကားကို ကြားရခြင်း

မှတ်ချက်။ ။ဤနီဝရဏကို အရဟတ္တမဂ်ဖြင့် အကြွင်းမဲ့ပယ်သည်

## ဥဒ္ဓစ္စ ကုက္ကုစ္စ နီဝရဏကို ပယ်နိုင်သည့် နည်းလမ်း(၆)မျိုး

၁။ အကြားအမြင် များခြင်း

၂။ မေးမြန်း စုံစမ်းမှု ရှိခြင်း

၃။ ဝိနည်း စည်းကမ်း၌ သိနားလည်သူ ဖြစ်ခြင်း

၄။ အသက် ဂုဏ်ကြီးသူကို မှီဝဲခြင်း

၅။ မိတ်ဆွေကောင်းရှိခြင်း

၆။ အပ်စပ်သည် မအပ်စပ်သည်၌ မှီသော စကားကို ကြားရခြင်း

မှတ်ချက်။ ။ဥဒ္ဓစ္စကို အရဟတ္တမဂ်ဖြင့်ပယ်၊ ကုက္ကုစ္စကို အနာဂါမိမဂ်ဖြင့် ပယ်သည်

## ဝိစိကိစ္ဆာ နီဝရဏကို ပယ်နိုင်သည့် နည်းလမ်း(၆)မျိုး

၁။ အကြားအမြင် များခြင်း

၂။ စုံစမ်း မေးမြန်းမှု ရှိခြင်း

၃။ ဝိနည်း စည်းကမ်း၌ သိနားလည်သူ ဖြစ်ခြင်း

၄။ စွဲမြဲသက်ဝင်သော သဒ္ဓါတရား ရှိခြင်း

၅။ မိတ်ဆွေကောင်းရှိခြင်း

၆။ ရတနာသုံးပါးနှင့် စပ်သော စကားကို ကြားရခြင်း

မှတ်ချက်။ ။ဤနီဝရဏကို သောတာပတ္တိမဂ်ဖြင့် အကြွင်းမဲ့ပယ်သည်